# မြန်မာနိုင်ငံရှိ REDD+ အတွက် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်း၏ အခန်းကဏ္ဍ



မကြာမီက ဖတ်ရှုရသော သတင်းဆောင်းပါးတစ်ပုဒ်[1] တွင် တနင်္သာရီတိုင်းဒေသကြီး၊ ရေဖြူမြို့နယ်၊ ထားဝယ်မြို့၏မြောက်ဘက် မိုင် ၆၀ တွင် တည်ရှိသည့် "မိုင် ၆၀ ကျေးရွာ" လေး၏ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းအကြောင်းကို သိရှိရပါသည်။ ထိုရွာလေးတွင် ၁၉၉၅ ခုနှစ်က အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းတစ်ခုကို ဆောင်ရွက်ရန် ကြိုးပမ်းခဲ့သော်လည်း ဒေသခံ

---

1

ပြည်သူများ ရရှိနိုင်သည့် အကျိုးရလဒ်များအပေါ် ကန့်သတ်ချက်များ ရှိသည့်အတွက် မအောင်မြင်ခဲ့ပါ။ ၂၀၁၆ခုနှစ်တွင် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်များ (CFI) အား ပြင်ဆင်ပြဋ္ဌာန်းခဲ့ပြီးသည့်နောက် ထပ်မံကြိုးပမ်းခဲ့ရာတွင်မူ အောင်မြင်မှုရရှိခဲ့ဟန်တူပါသည်။ ထိုရွာကလေးသည် သစ်တောကြိုးဝိုင်းတစ်ခုအတွင်းတွင် ရှိသည့်အတွက် မူအရ တရားမဝင်ဟု ဆိုနိုင်ပါသည်။ သို့သော် သစ်တောဦးစီးဌာနနှင့် အစိုးရအရာရှိများ၏ ကူညီပံ့ပိုးမှုဖြင့် ယခုအခါ ဧက ၈၀၀ ရှိသည့် သစ်တောစိုက်ခင်းတစ်ခုကို ထူထောင်နိုင်ခဲ့ပါသည်။ ရွာရှိ အိမ်ထောင်စု ၈၄ စုမှ ၇၉ စုပါဝင်သော အစုအဖွဲ့ပိုင်သစ်တော အသုံးပြုသူများအဖွဲ့ (CFUG) ကလည်း ပံ့ပိုးကူညီပါသည်။ ရွာသူရွာသားများသည် ထိုအစုအဖွဲ့ပိုင်သစ်တောမှ ၎င်းတို့လိုအပ်သည့် ထင်းလောင်စာတစ်စိတ်တစ်ပိုင်းကို ထုတ်ယူနိုင်တော့မည်ဖြစ်သည့်အတွက် သဘာဝသစ်တောများအပေါ် လောင်စာအတွက် မှီခိုအားထားရမှု လျော့နည်းသွားမည်ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် သစ်တောများမှ မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုအား လျှော့ချမည်ဆိုလျှင် "မိုင် ၆၀ ရွာ" လေးကဲ့သို့သော အောင်မြင်မှုဇာတ်လမ်းမျိုး များစွာ လိုအပ်မည်ဖြစ်သည်။ ၂၀၀၁-၀၂ ခုနှစ်မှ ၂၀၃၀-၃၁ ခုနှစ်အထိ နှစ် ၃၀ သစ်တောလုပ်ငန်းပင်မစီမံကိန်းတွင် ၂၀၃၀ ပြည့်နှစ်၌ အစုအဖွဲ့ပိုင်သစ်တော ဧက ၂.၂၇ သန်း (ဟက်တာ ၀.၉၁၉ သန်း) တည်ထောင်ရန် ရည်မှန်းထားပါသည်။ မြေယာလုပ်ကိုင်ခွင့်အတွက် တရားဝင်အထောက်အထား အနည်းငယ် သို့မဟုတ် လုံးဝ မရှိသော ဒေသခံပြည်သူများအတွက် အစုအဖွဲ့ပိုင်သစ်တောသည် ဆွဲဆောင်မှုရှိသော နည်းလမ်းတစ်ခု ဖြစ်သင့်ပါသည်။ အဘယ်ကြောင့်ဆိုသော် ယင်းသည် မြေသိမ်းယူခြင်းခံရနိုင်ခြေမှ အတိုင်းအတာတစ်ခုအထိ အကာအကွယ် ရပါသည်။ သို့သော် လက်ရှိတွင် အစုအဖွဲ့ပိုင်သစ်တောများ တည်ထောင်နေသည့် နှုန်းသည် ချမှတ်ထားသော ရည်မှန်းချက်ပြည့်မီလောက်သည့် နှုန်းသို့ မရောက်ရှိသေးပါ။

UN-REDD အစီအစဉ်မှ ဒီဇင်ဘာလတွင် ကျင်းပခဲ့သော အလုပ်ရုံဆွေးနွေးပွဲတစ်ခု၌ CFUG ကိုယ်စားလှယ်များအပါအဝင် အစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ အကျိုးသက်ဆိုင်သူများ တွေ့ဆုံကာ သစ်တောကြိုးဝိုင်းအတွင်းအပြင်တွင် အစုအဖွဲ့ပိုင်သစ်တောများ တည်ထောင်မှုကို နှေးကွေးစေသည့် အတားအဆီးများအား မည်သို့ ကျော်လွှားနိုင်မည့်ဆိုသည်ကို ဆွေးနွေးခဲ့ကြပါသည်။ ထိုအလုပ်ရုံဆွေးနွေးပွဲမှ ထွက်ပေါ်လာသော အဓိကသုံးသပ်ချက်အချို့မှာ -

- CFI အား ပိုမိုကောင်းမွန်အောင် လုပ်ဆောင်နိုင်ရေးအား ၂၀၁၈ သစ်တောဥပဒေကို အကောင်အထည်ဖော်ရန် လက်ရှိရေးဆွဲနေသည့် နည်းဥပဒေများထဲတွင် ထည့်သွင်းရေးဆွဲသင့်သည်။
- သစ်တောဥပဒေသစ်အောက်ရှိ နည်းဥပဒေများတွင် ကောင်းစွာကြိုတင်အသိပေး၍ လွတ်လပ်သော သဘောထားတောင်းခံခြင်း (FPIC) ဆိုင်ရာ အခြေခံစည်းမျဉ်းများကို ရှင်းရှင်းလင်းလင်း ထည့်သွင်းပြဋ္ဌာန်းသင့်သည်။ UN-REDD သည် လက်ရှိတွင် FPIC ဆိုင်ရာ ရေ့ပြေးစမ်းသပ်မှုတစ်ခု ဆောင်ရွက်နေရာ ယင်းမှ တန်ဖိုးရှိသော သင်ခန်းစာများ ရရှိနိုင်ပါသည်။
- MONREC၊ MOALI နှင့် GAD တို့သည် မြေလွတ်၊ မြေလပ်၊ မြေရိုင်းများနှင့်သက်ဆိုင်သည့် အစုအဖွဲ့ပိုင်သစ်တောအတွက် ရှင်းလင်းထိရောက်မှုရှိသော လုပ်ထုံးလုပ်နည်းများကို သဘောတူချမှတ်သင့်သည်။
- နိုင်ငံအဆင့် အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းအဖွဲ့သည် ဖွံ့ဖြိုးမှုမိတ်ဖက်များနှင့် ပူးပေါင်းကာ CFUG များအတွက် "အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းများ" ကို တည်ထောင်နိုင်ရန် အသေးစားချေးငွေများ လက်လှမ်းမီရရှိစေရန် စွမ်းရည်မြှင့်တင်မှုများ ပြုလုပ်ပေးသင့်သည်။ ယင်းသည် CFUG များအား ဝင်ငွေတိုးစေမည်ဖြစ်သည်။
- အစုအဖွဲ့ပိုင်သစ်တောဧရိယာကို တိုးချဲ့ရန်အတွက် ဆွဲဆောင်အားပေးမှုများ (ဥပမာ သီးနှံအာမခံများ၊ သစ်ပင်အာမခံများ) ထပ်မံဖန်တီးပေးသင့်ပြီး အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းများမှ ထုတ်လုပ်လိုက်မည့် ထုတ်ကုန်များအား ဈေးကွက်များနှင့်ချိတ်ဆက်နိုင်အောင် ပံ့ပိုးကူညီမှုများ လိုအပ်ပါသည်။

ဤကဲ့သို့သော အကြံပြုချက်များ ပေးရသည်မှာ လွယ်ကူသော်လည်း လက်တွေ့အကောင်အထည်ဖော်ရန်မှာမူ များစွာ ခက်ခဲမည်ဖြစ်ပါသည်။ အလုပ်ရုံဆွေးနွေးပွဲမှ ထွက်ပေါ်လာသော အကြံပြုချက်များအားလုံးကို ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလတွင် ကျင်းပ

မည့် အမျိုးသား REDD+ လုပ်ငန်းအဖွဲ့သို့ တင်ပြမည်ဖြစ်ပြီး အဆိုပါလုပ်ငန်းအဆင့်များအားလုံး၏ တိုးတက်မှုအခြေအနေများကို အကျိုးသက်ဆိုင်သူများထံ ပုံမှန်ဆက်သွယ်အသိပေးသွားမည်ဖြစ်ပါသည်။